ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

(၁၉)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်**

**( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၄.၀၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၈၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော် ဆိုင်ရာနည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၁၉)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးစံထွန်း၊ ကချင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးခင်မောင်ရီ၊ ဧရာဝတီ(၆)၊ မိသားစုကိစ္စ။ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ မိသားစုကိစ္စ။ ဒေါက်တာလှသိန်း၊ မွန်(၆)၊ ဖခင်ကျန်းမာရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဥပဒေကြမ်း ကော်မတီ အစည်းအဝေး။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငှင်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ငှင်း အတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ငှင်းအတိုင်း။ ဦးစောအုန်း၊ မွန်(၉)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ အရေးပေါ်ကိစ္စ။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကော်မတီ လုပ်ငန်း။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကော်မတီလုပ်ငန်း။ ဦးဇုန်လှယ်ထန်း၊ ချင်း(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၃၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ကမ်းနားလမ်းသည် သံလွင်မြစ်ရေ တိုက်စားမှုကြောင့် စိုးရိမ်ဖွယ်ရာ ရှိပါသဖြင့် မြစ်ကမ်းပါးထိန်း နံရံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ကရင်ပြည်နယ် မဲဆန္ဒနယ်မြေအမှတ်(၁)မှ ဦးစောအောင်ကျော်နိုင် (ခ)ရှားဘူးဖော့ က ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ကမ်းနားလမ်းသည် သံလွင်မြစ်ရေတိုက်စားမှုကြောင့် စိုးရိမ်ဖွယ်ရာ ရှိပါသဖြင့် မြစ်ကမ်းပါးထိန်း နံရံတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။

အထူးရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော် လူကြီးမင်းများအားလုံး ကျန်းမာရွှင်လန်းပြီး နိုင်ငံ့အကျိုးဆတက်ထမ်းပိုး သယ်ပိုး ဆောင်ရွက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့အနေနဲ့ ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ ကမ်းနားလမ်းအား သံလွင်မြစ်ရေတိုက်စားမှုကြောင့် စိုးရိမ်ဖွယ်ရာ အခြေ အနေကို မြစ်ကမ်းပါးထိန်းနံရံတည်ဆောက်ပေးမယ့် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ကရင်ပြည်နယ်ရဲ့မြို့တော် ဘားအံဟာဆိုရင် (၁၀)စတုရန်းမိုင် ကျယ်ဝန်းပြီး၊ ကျွန်တော်တို့ မြေဇကေအားဖြင့် (၆၄၀၀)ကျော်အတွင်း ရပ်ကွက်(၉)ရပ်ကွက်ဖွဲ့စည်းပြီး အိမ်ခြေပေါင်း (၉၃၀၂)အိမ်နဲ့ အိမ်ထောင်စုပေါင်း(၉၃၂၆)စု ရှိပါတယ်ခင်ဗျား။ လူဦးရေ အနေနဲ့ ကျား/မစုစုပေါင်း (၅၂၄၆၆)ယောက်နေထိုင်ပြီး၊ ကျွန်တော်တို့ မြောက်မှတောင်ဖက်သို့ စီးဆင်းတဲ့ သံလွင်မြစ်ရဲ့ အရှေ့ဘက်ကမ်းနဖူးမှာ တည်ရှိတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီ့ မြစ်ကမ်းနဖူးရဲ့ ဖားအံမြို့ကမ်းနားလမ်းတစ်လျှောက် မြောက်ဘက်မှာဆိုလို့ရှိရင် ကျွန်တော်တို့ သမိုင်းဝင် ရွှေယဉ်မျှော် စေတီတော်နဲ့ တောင်ဘက်စွန်းမှာ သမိုင်းဝင် ဖားမဲတောင်စေတီတော်များ တည်ရှိပြီး၊ ဘားအံမြို့ရဲ့ အရှေ့ဘက်မှာဆိုရင် အထင်ကရ ဇွဲကပင် မဟာဆံတော်ရှင်စေတီတော် နောက်ခံလျက် အထူးတင့်တယ် လှပတဲ့ မြို့တစ်မြို့လို့လည်း ဆိုရင်ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို သဘာဝအလှတရားနဲ့ ပြီးပြည့်စုံတဲ့ ဖားအံမြို့ရဲ့ သံလွင် မြစ်ကမ်းနဖူးမှာရှိတဲ့ ကမ်းနားလမ်းဟာဆိုရင် (၆၀၄၅)ပေ၊ မိုင်အားဖြင့် (၁.၂၁၃)မိုင်ရှည်လျားပြီး၊ တနသ်ာရီ၊ မွန်ပြည်နယ်၊ အဲဒီကနေလာတဲ့ အဖြောင့်လမ်း မြို့အဝင် လမ်းအဖြစ်သို့လည်းကောင်း၊ မန္တလေး၊ နေပြည်တော်နဲ့ ရန်ကုန် က ဘားအံကိုဝင်တဲ့ မြို့အဝင်လမ်းအဖြစ်သော်လည်းကောင်း၊ နေ့၊ ညမပြတ် စည်းကားသိုက်မြိုက်စွာ ဝင်၊ ထွက်၊ သွား၊ လာ အသုံးပြုနေတဲ့ လမ်းလည်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅)နှစ်၊ (၃၀)ပတ်ဝန်းကျင်လောက်မှာဆိုရင် ကမ်းနားလမ်းနဲ့ သံလွင်မြစ်ကမ်းနဖူး ဆိုရင် (၁)ဖာလုံနီးပါးခန့် ကွာဝေးပြီး သံလွင်မြစ်ကူးတံတား မတည်ဆောက်မီကာလက ကျွန်တော်တို့ ဇက်ဆိပ်၊ သင်္ဘောဆိပ်နဲ့ အစိုးရ ရေခဲစက်၊ ဘိလပ်ရည်၊ အချိုရည်စက်ရုံများပင် တည်ဆောက်ထား သော်လည်း တဖြည်းဖြည်းနဲ့ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုလိုက်စားပြီး ယခုအခါ မြစ်ကမ်းပါးဟာ ကမ်းနားလမ်းနဲ့ တစ်ပြေးညီနံရံဖြစ်လာသည်သာမကဘဲ လမ်းမတစ်ခြမ်းကိုပင် တိုးဝင်တိုက်စား ဖဲ့ယူ နေတဲ့ နေရာမြောက်မြားစွာ ရှိနေပါတယ်။ နှစ်စဉ်မြစ်ရေကြီးတိုင်း ကမ်းနား နဖူးပြိုပြီးတော့ မကြာမီ ကာလမှာပဲ ကမ်းနားလမ်းပါ ပျောက်ကွယ်သွားတော့မှာကို စိုးရိမ်စရာအဖြစ်နဲ့ လူထုများနဲ့ လမ်း အရှေ့ခြမ်းနေထိုင်သူများက အကြီးအကျယ် ပူပင်သောကရောက်နေကြပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျား။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Slide လေးနဲ့ Power Point လေးနဲ့ တင်ပြခွင့်ပြုပါ။ ဒါ ကျွန်တော်တို့ ဖားအံမြို့၊ သံလွင်မြစ်ရဲ့ အနောက်ဘက်ကမ်း၊ မြိုင်ကလေး ကနေ မြင်ရတဲ့ မြင်ကွင်းကိုပြတာပါ။ သံလွင်မြစ်ကမ်းတစ်လျှောက် အနောက်ဘက်ကမ်းမြင်ကွင်းကို

မြင်ရခြင်း ဖြစ်ပါတယ်။ ဒါ ကျွန်တော် တင်ပြခဲ့တဲ့ ဘားအံမြို့ ကမ်းနားလမ်းတစ်လျှောက်မှာရှိတဲ့ အပိုင်းလိုက် အတိုင်းအတာအရှည်လေးကို ခုန (၆၀၄၅)ပေ၊ မိုင်အားဖြင့် (၁.၂၁၃)မိုင် ရှည်လျားတဲ့ အပိုင်းလိုက် ကဏ္ဍလေးကို ပြထားခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖားမဲတောင်ခြေ ကနေစပြီးတော့ ကြည့်မယ် ဆိုရင် ကျွန်တော် ဒီပုံကို ဟိုး အနောက်ဘက်ကမ်း မြိုင်ကလေးကနေမြင်ရတဲ့ မြင်ကွင်းနဲ့ ဒီဘက်ကမ်း ကနေ အနီးကပ်မြင်ကွင်းကို ယှဉ်ပြီးတော့ ပြထားခြင်း ဖြစ်ပါတယ်။ ဖားမဲတောင်ခြေ တိုက်စား ပြီးတော့ ကမ်းနားလမ်းရှိ လုပ်ငန်းရှင်ရယူထားတဲ့ နေရာလေးဖြစ်ပါတယ် ဒီဘက်က။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဒီဘက်၊ ဟိုဘက်တိုက်ကြီးနဲ့ ဇရပ်လေးတစ်လုံးကဆိုရင် ယခင်က ကျွန်တော်ပြောဖို့ရာ အဲဒီနေရာတစ်ဝိုက်ဟာ ကမ်းနားလမ်းရဲ့ ကမ်းနဖူးအကျယ်ရှိပြီးတော့ ဖားအံ ရေခဲစက်၊ နောက်တစ်ခုက အချိုရည် ဘိလပ်ရည်စက်ရုံ ရှိခဲ့တဲ့နေရာဖြစ်ပါတယ်။ အခုတော့ ရေတိုက်စားပြီး၊ လှိုက်ပြီး ရေတိုက်စားတဲ့ နေရာဖြစ်ပါတယ်။ ကျန်တဲ့ ဒီဘက်မှာကတော့ နည်းနည်း ကျန်နေတဲ့ ဒီ ကမ်းနားလမ်း ဘေးနားမှာရှိတဲ့ ဒီ ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးရဲ့ လုပ်ငန်းတစ်ခု ဖြစ်နေပါတယ်။ ဒါပေမဲ့ လုပ်ငန်းတော့ လုပ်တယ်။ သူရဲ့ ကမ်းနားလမ်းမှာတော့ ဘာမှအကာအကွယ် ဘာမှ လုပ်ဆောင်ထားခြင်း မရှိပါဘူး။

မြစ်ကမ်းပါးဘေးမှာ ကမ်းနားလမ်းကျန်နေတဲ့ နေရာနည်းနည်းလေးမှာ သဲကျောက်ပုံနဲ့ ရေဆေး၊ ဆီထိုးလုပ်ငန်းရှင်တစ်ဦးရဲ့ လုပ်ငန်းမြင်ကွင်းကို ပြခြင်းဖြစ်ပါတယ်။ ဒီဘက်မှာဆိုရင် ခုန ဒီ ကျောက်ပုံလေးတွေဟာဆိုရင် အဲဒီနေရာလေးတစ်ဝိုက်လေး၊ နည်းနည်းလေးဝိုက်ပြီးကျန်နေတဲ့ လေးနေရာမှာ အဲဒီလုပ်ငန်းတစ်ခုရှိပါတယ်။ ဟိုးဘက်မှာဆိုရင် ကမ်းနားကကြည့်လိုက်ရင်တော့ ဒီဘက်ခြမ်းဘက်မှာဆိုရင် ကမ်းနားလမ်းနဲ့ ဟိုဟာဘေးမှာ မြင်ရတဲ့ မြင်ကွင်းကို ပြထားခြင်း ဖြစ်ပါတယ်။ ဒါလည်း ကမ်းနားလမ်းမကြီးကို ရေတိုက်စားလာတဲ့ သံလွင်မြစ်ကမ်းပါး မြင်ကွင်းဖြစ်ပါတယ်။ ဒါ ဒီဘက်အနီးကပ်၊ ဟိုဘက်မှာဆိုရင်တော့ ကျွန်တော်တို့ အဝေးကနေပြထားတဲ့ အနောက်ဘက်ကမ်း ကနေ ရိုက်ကူးထားတဲ့ ပုံဖြစ်ပါတယ်။ ဒါကတော့ ကမ်းနားလမ်း၊ ကမ်းနားလမ်းဘေးနားမှာပင် ရောက်နေတဲ့ နှစ်စဉ်ရေတိုက်စားတဲ့ နေရာဖြစ်ပါတယ်။ ဒါကတော့ ရေကျတဲ့အချိန် ရိုက်ထားတဲ့ ပုံဖြစ်နေပါတယ်ခင်ဗျား။ ဒါ ခုနက ကျွန်တော်ပြောသလိုပဲ ကမ်းနားလမ်းတစ်လျှောက်ဟာ အနယ်နယ် အရပ်ရပ် ကနေလာပြီးတော့ ဖားအံမြို့ကို ဝင်တယ်ဆိုတာနဲ့ ဒီ ကမ်းနားလမ်းကိုပဲ အဓိက အသုံးပြုနေရတဲ့ ကား၊ ယာဉ်သွားလာမှုများတဲ့ ကားလမ်းမကြီးနဲ့ အဲဒီ ကားလမ်းမကြီးရဲ့ မြစ်ကမ်းနဘေးက အခြေအနေကို တင်ပြခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကလည်း ယခင် သံလွင်မြစ်ကူးတံတား မရှိသေးတဲ့အချိန်က ယခင် ဇက်၊ ကူးတို့ ဆိုက်ကပ်တဲ့ နေရာ တိုက်စားသွားတဲ့ မြင်ကွင်းကို ပြခြင်းဖြစ်ပါတယ်။ ဒါကလည်း ကမ်းနားလမ်း ပျောက်ကွယ်နိုင်တဲ့ မြစ်ကမ်းပါးတိုက်စား ထိစပ်နေတဲ့ မြင်ကွင်းကို တင်ပြထားခြင်း ဖြစ်ပါတယ်။ ယှဉ်ပြီးတော့ တင်ပြထားခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ဖားအံမြို့ဟာ နှစ်စဉ် ဒီ သံလွင်မြစ်က နှစ်စဉ် စိုးရိမ်ရေအမှတ်ထက်ကို ရေလွှမ်းတာ နှစ်စဉ်ရေလွှမ်းလေ့ရှိပါတယ်။ ရေတိုက်စားလေ့ရှိတယ်။ ဒီနှစ် တစ်နှစ်ကတော့ စိုးရိမ်ရေအမှတ်ပဲ ရောက်ပြီးတော့ ရေကြီးတဲ့ အခြေအနေ မရှိတဲ့အတွက် တကယ်လို့များ ရေကြီးလို့ရှိရင် ကျွန်တော်တို့ မြင်နေရတဲ့ ဒီဘက်က အဝေးမြင်နေရတဲ့ နေရာတွေ ဟာလည်း စိုးရိမ်စရာရှိသလို ဒီဘက်လမ်းမှာတင် တံတားလေး ရေစီးတိုးဝင်နေတဲ့ နေရာ အခြေအနေ ဖြစ်ပါတယ်။ တကယ်လို့များ ရေကြီးခဲ့လို့ရှိရင် ဒီ တံတားရဲ့ အခြေအနေဟာ ဘယ်လိုမှ

ဒီအတိုင်း ဖြစ်နိုင်တော့မှာ မဟုတ်ပါဘူး။ ပျက်စီးမယ့် အနေအထား ရှိပါတယ်။ ဒါဟာ ရေတိုက်စားတဲ့ ကမ်းနဖူးမှာ အသက်ငင် နေရတဲ့ သံလွင်ဦးပန်းခြံဆိုတာ ဒီ ဇက်ကမ်းနားရဲ့ တစ်ဖက် ဒါ သံလွင်ဦးပန်းခြံ ဆိုတာရှိပါတယ်။ ဟိုဘက်ကတော့ အဝေးမြင်ကွင်းလေး၊ ဒီဘက်မှာ ဒီ သံလွင်ဦးပန်းခြံဆိုတဲ့ ဆိုင်းဘုတ်ကြီးနဲ့ ကပ်ပြီးတော့ မြစ်ရေတိုက်စားပြီးတော့ နည်းနည်းပဲ ကျန်နေတော့ ပါတယ်။ ဒါ မြစ်ကမ်းပါး ကားလမ်းမကြီးသို့ အရှိန်နဲ့ တိုးဝင်နေတဲ့ မြင်ကွင်းပါ။ ဒါဟို ရွှေယဥ်မျှော်ဘက် အခြမ်းဘက်မှာ ဒါ ဟို အဝေးမြင်ကွင်းမှာဆိုရင် သဲကျောက်ပုံ၊ ယခင်က သင်္ဘောဆိပ် နေရာလေး ရှိပါတယ်။ အဲဒီနားမှာပဲ ဒီဘက်မြင်ကွင်းကတော့ ရေက အဲဒီခုနတံတားထဲကို ထိုးဝင်နေတာ ပျက်စီး ဝင်နေပြီးတော့ ကျန်တာ လမ်းမဘက်ကို ဒုက္ခပေးသွင်းမယ့် အခြေအနေရှိပါတယ်။ ဒါလည်း ယခင် ရွှေယဥ်မျှော်သင်္ဘောဆိပ်ရဲ့ ကြောက်စရာ မြင်ကွင်းတစ်ခုပါ။ ရွှေယဥ်မျှော်ဘက်မှာကော ရွှေယဥ်မျှော် ဘုရားရဲ့ ကျောင်းထဲမှာဆိုလည်း အဲဒီမှာ ကပ်နေတဲ့၊ ဟို ပြိုနေတဲ့ မြစ်ကမ်းနဲ့ ယခင်က လှိုက်လှဲစွာ ကြိုဆိုပါ၏ ဆိုင်းဘုတ်ဟာ သင်္ဘောဆိပ်နေရာဖြစ်ပါတယ်။ သို့သော် သင်္ဘောဆိပ်သည် ဒီအထိ မဟုတ်ပါဘူး။ ဟိုးယခင်၊ ဟိုး အောက်ဖက်အထိ ရှိတယ်။ အခုအခြေအနေကတော့ အဲဒီ့ ဆိုင်းဘုတ်ရဲ့ အနောက်ဘက်မှာလမ်းပါပဲ။ ဟိုဘက်မှာကတော့ ရဲစာ ကျောင်းရှိတဲ့အတွက် ဒီ ကမ်းနားရဲ့ အခြေအနေအရ သင်္ဘောဆိပ်ရယ်လို့ ပြောစရာဖြစ်အောင် အခုဟာက ကျောက်၊ သဲလုပ်ငန်းလေးတွေ၊ လုပ်ငန်းရှင်တွေလုပ်တဲ့၊ ဟို ဖြစ်သလို နေထိုင်လုပ်ပြီးတော့ ပျက်စီးလာတဲ့ အနေအထားကို တင်ပြခြင်း ဖြစ်ပါတယ်။

ဟုတ်ကဲ့ခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ နောက်ဆုံး ဖားအံမြို့ရဲ့ အဓိက ကမ်းနားလမ်း တစ်လျှောက် တင်ပြထားခြင်း ဖြစ်ပါတယ်။ အဲဒီ့ ကျွန်တော်တို့ ခုန ရွှေယဥ်မျှော်၊ ဒီဘက်မှာ ဖားမဲတောင် အနောက်ဘက်မှာဆို ဇွဲကပင်တောင်ရဲ့ ရှုခင်းဟာ ဒီ ကမ်းနားလမ်းတစ်လျှောက်ဆိုရင် တကယ်လို့များ အဲဒီမြစ်ကမ်းထိန်းနံရံများ တည်ဆောက်မယ်ဆိုရင် မြစ်ကမ်းထိန်းနံရံကိုလည်း လမ်းကိုကာကွယ်ပေးသလို၊ ဒီ ကမ်းနားလမ်းတစ်လျှောက် ကျွန်တော်တို့ မြစ်ကမ်းထိန်းနံရံရဲ့ ဖားအံမြို့ရဲ့အလှ၊ ရှုခင်းလေး၊ ပဿဒလေးဟာလည်း အင်မတန်မှာ ပျော်စရာကောင်းတဲ့၊ သာယာတဲ့ မြို့တစ်မြို့လို့လည်း ဆိုနိုင်ပါတယ်။ အဲဒီ့အပြင် ဖားအံမြို့ရဲ့ သာယာသလို ကရင်မလှလှလေးတွေလည်း သူတို့ဖော်ရွေတဲ့ အပြုံးတွေနဲ့ ပဏာရသလို တကယ်လို့ ကမ်းနားလမ်းတစ်လျှောက် ပြင်ထားတဲ့ မြစ်ကမ်းထိန်းနံရံအလှနဲ့ဆိုရင် ကျွန်တော်လို ကရင်ထီးချောချောလေးတွေနဲ့ ပဏာရပြီးတော့ တစ်ခါရောက်ဖူးတဲ့လူရှိရင် မပြန်ချင်လောက်အောင် ဖြစ်စရာ အကြောင်းရှိပေမယ့်လည်း အခုလို ကျွန်တော်တို့ နှစ်စဥ်နှစ်တိုင်း ဘားအံမြို့ကမ်းနားလမ်းကို မြစ်ရေတိုက်စားပြီးတော့ အချိန်မီ ကြိုတင်ကာကွယ်ဖို့အတွက် အမြန်လိုအပ်နေတဲ့အတွက်ကြောင့် သံလွင်မြစ်ကမ်းပါးထိန်းနံရံ တည်ဆောက်ပေးခြင်းအားဖြင့် အဓိက အသုံးပြုနေသော ကမ်းနားလမ်းကို ထိန်းသိမ်းကာကွယ်ပြီးရာ ရောက်သလို ကမ်းနားလမ်းသာယာလှပရေးအတွက်ပါ အကျိုးသက်ရောက်မှု ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရ ကနေပြီးတော့ အမြန်ဆုံးအကောင်အထည်ဖော်ပြီးတော့ ဆောင်ရွက်ပေးဖို့အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူလူထုရဲ့ကိုယ်စား မေးမြန်းတင်ပြတောင်းဆိုအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ကမ်းနားလမ်းပျောက်ကွယ်နိုင်သည့် မြစ်ကမ်းပါး တိုက်စားထိစပ်နေသော မြင်ကွင်း(ဈ)




မြစ်ရေတိုက်စားမှုကြောင့် စိုးရိမ်ဖွယ်ရာ ကမ်းနားလမ်း မြစ်ကမ်းပါးအခြေအနေ (ဈ-၁)



ယခင် ရွှေရင်မျှော် သဘော်ဆိပ်ကမ်း၏ ခြောက်ခြားဖွယ်ရာမြင်ကွင်း (ဗျ-၂)




**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၆။**

**ဦးကျော်ကျော်ဝင်း၊ (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်(ခေါ်)ဦးရှားဘူးဖော့ ၏ ကရင်ပြည်နယ်၊ ဖားအံမြို့နယ်ရှိ ကမ်းနားလမ်းအား သံလွင်မြစ်ရေတိုက်စားမှုကြောင့် စိုးရိမ်ဖွယ်ရာ အခြေအနေရှိပါသဖြင့် မြစ်ကမ်းပါးထိန်းနံရံ တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိ မေးမြန်းချက်နဲ ့ပတ်သက်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား လေးစားစွာဖြင့် ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုနိုင်ရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဖားအံမြို့ ကမ်းနားလမ်းရှိ ရွှေယဥ်မျှော်စေတီတော်နေရာမှ ဖားမဲတောင်စေတီတော်နေရာအထိ မျက်မြင်ကွင်းဆင်းစစ်ဆေးချက်အရ ကမ်းပြိုမှုမရှိသဖြင့် မြစ်ကမ်းပါးမြေထိန်းနံရံ ဆောင်ရွက်မှု အစီအစဥ် မရှိသေးပါကြောင်း။ သို့ရာတွင် အသေးစိတ်တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ပြီး၊ မြေထိန်းနံရံဆောင်ရွက်ရန် လိုအပ်ပါက ရန်ပုံငွေ တင်ပြတောင်းခံပြီး ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်း မြို့နယ်ရှိ အောင်သပြေရွာမှ အကွာအဝေး (၁၈)မိုင် ရှည်လျားသည့် ရန်ကုန်-မန္တလေး အမြန်လမ်းအနီး ကုန်ထုတ်လမ်းသို့ ဆက်သွယ်သွားလာနိုင်မည့် မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်း မြို့နယ်ရှိ အောင်သပြေရွာမှ အကွာအဝေး (၁၈)မိုင် ရှည်လျားသည့် ရန်ကုန်-မန္တလေး အမြန်လမ်းအနီး ကုန်ထုတ်လမ်းသို့ ဆက်သွယ်သွားလာနိုင်မည့် မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ အပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးဖြစ်ပါတယ်။ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ တပ်ကုန်းမြို့နယ်ရှိ အောင်သပြေ ကျေးရွာမှ အကွာအဝေး (၁၈)မိုင် ရှည်လျားတဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအနီး ကုန်ထုတ်လမ်း သို့ ဆက်သွယ်သွားလာနိုင်တဲ့ မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်ကုန်းမြို့နယ်ဟာ ရပ်ကွက်၊ ကျေးရွာအုပ်စု (၅၅)အုပ်စုရှိပါတယ်။ တပ်ကုန်းမြို့နယ်ရဲ့ ဧရိယာအတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ဖြတ်သန်းသွားပြီးတော့ အဲဒီအမြန်လမ်းမကြီးရဲ့အနောက်ဘက်ခြမ်းမှာလည်းပဲ ကျေးရွာ(၈)ရွာခန့် တည်ရှိပါတယ်။ အဲဒီရွာများဟာ တပ်ကုန်းမြို့ရဲ့အစွန်ဆုံးဒေသ ဖြစ်ပြီးတော့မှ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရဲ့အစပ်မှာလည်း တည်ရှိနေတာ ဖြစ်ပါတယ်။ တပ်ကုန်း မြို့နယ်နဲ့လည်း မိုင်(၄၀)ခန့်ကွာဝေးတဲ့ကျေးရွာများဖြစ်ပြီးတော့မှ လမ်းပန်းဆက်သွယ်ရေး အဆင် မပြေမှု၊ ခက်ခဲနေမှုများကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလည်းပဲ နောက်ကျပြီးတော့မှ ဖွံ့ဖြိုးမှုလည်း နောက်ကျနေတဲ့အနေအထား ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးရဲ့ အနောက်ဘက်ခြမ်းမှာရှိကြတဲ့ ကျေးရွာများကတော့ သဲချောင်းရွာ၊ ညောင်ပင်ကွင်းရွာ၊ ချောင်းဆုံရွာ၊ ရွှေမောင်းဝွက်ရွာ၊ ကန်နှစ်ဆင့်ရွာ၊ ညောင်ပင်ရွာ၊ တုံးချိုးရွာနဲ့ အောင်သပြေရွာ များပဲဖြစ်ပါတယ်။ အဲဒီကျေးရွာများက ပြည်သူများတပ်ကုန်းမြို့ကို သွားမယ်ဆိုရင်

ကျွန်တော်တို့ ကျေးရွာကနေပြီးတော့ အမြန်လမ်းမကြီးကိုရောက်အောင် အဆင်ပြေသလို သွားရပြီးတော့မှ အမြန်လမ်းမကြီးကနေ ပျော်ဘွယ်မြို့ကနေတစ်ဆင့် သွားကြရပါတယ်။ အဲဒါပြီးမှ ကျွန်တော်တို့ ရန်ကုန်-မန္တလေး အမြန်လမ်းဟောင်းကနေတစ်ဆင့် ကျွန်တော်တို့တပ်ကုန်းမြို့ကို ကွေ့ပတ်ပြီး သွားရတဲ့အနေအထား ဖြစ်ပါတယ်။ လတ်တလော အခြေအနေမှာတော့ အဲဒီဒေသမှာရှိတဲ့ ကျေးလက်ပြည်သူများအနေနဲ့ ပထမဦးစွာ အကွာအဝေး (၁၈)မိုင် ရှည်လျားတဲ့ ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ရေး ဒါ မျှော်လင့် တောင့်တလျက်လည်း ရှိနေကြပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ တပ်ကုန်းမြို့နယ်ရှိ အောင်သပြေကျေးရွာမှ အကွာအဝေး(၁၈)မိုင်ရှည်လျားတဲ့ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအနီး ကုန်ထုတ်လမ်းသို့ ဆက်သွယ် သွားလာနိုင်တဲ့ မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အောင်လံမြို့နယ်၊ သမ္ဘူလတိုက်နယ် ခရိုင်ချင်းဆက် လမ်းပေါ်ရှိ ဒန်းဒေါင့်ကျေးရွာမှ ငလောက်ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောမြေနီလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ။** ။မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးတင်ဝင်း က အောင်လံမြို့နယ်၊ သမ္ဘူလတိုက်နယ် ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဒန်းဒေါင့်ကျေးရွာမှ ငလောက်ကျေးရွာ အထိ ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောမြေနီလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးတင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ အားလုံးသို့ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တင်ပြမေးမြန်းသွားမည့် မေးခွန်းကတော့ ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၊ သမ္ဘူလတိုက်နယ်၊ ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဒန်းဒေါင့်ကျေးရွာမှ တလုပ်ပင်ကျေးရွာအုပ်စု၊ ငလောက်ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းတွင် မြေနီကျောက်ချောလမ်း ခင်းပေးသွားရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ အောင်လံမြို့နယ် သမ္ဘူလအခြေစိုက်တိုက်နယ်၏ ပထဝီအနေအထားကို တင်ပြသွားလိုပါတယ်။ သမ္ဘူလကျေးရွာဟာ အောင်လံမြို့မှ (၂၄)မိုင် ကွာဝေးပါတယ်။ အောင်လံမှ ကျောက်ပန်းတောင်းကျေးရွာအထိ လမ်းကောင်းမွန်သော်လည်း ကျောက်ပန်းတောင်းအလွန် သံချိတ်ကျေးရွာက အစပြု၍ သမ္ဘူလ

ကျေးရွာအထိ လက်ရှိအခြေအနေမှာ လမ်းအလွန်ဆိုးဝါးလျက် ရှိပါတယ်။ ကျယ်ဝန်းသော ချိုင့်ခွက်ကြီးများထဲတွင် ရေများပြည့်လျှံလျက်ရှိပြီး ကားလေးများ လုံးဝသွား၍မရတော့ပါ။ လာမည့်ပွင့်လင်းရာသီတွင် ဒီလမ်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြုပြင်မွမ်းမံပေးသွားမှာဖြစ်တဲ့အတွက် မကြာမီကာလအတွင်း သမ္ဘူလကျေးရွာအထိ လမ်းကောင်းမွန်သွားတော့မှာ ဖြစ်ပါတယ်။

သမ္ဘူလတိုက်နယ်ဟာ အောင်လံမြို့နယ်ရဲ့ အရှေ့မြောက်ထောင့်မှာ တည်ရှိပါတယ်။ ခရိုင်ချင်းဆက်လမ်းမှ အရှေ့ဖက်ရိုးမကြိုးဝိုင်းအထိ မိုင်(၂၀) ကျော်ဝေးလံပြီး နေပြည်တော်လယ်ဝေးမြို့နယ် နဲ့ ဆက်စပ်တည်ရှိနေပါတယ်။ အောင်လံမြို့နယ်၊ သမ္ဘူလတိုက်နယ်အရှေ့ခြမ်းရှိ တလုပ်ပင်ကျေးရွာအုပ်စု၊ နှောက်စမ်းကျေးရွာအုပ်စု၊ ကိုးတောင်ကျေးရွာအုပ်စု၊ လှံ့တင်ကျေးရွာအုပ်စု၊ ပိန်းအင်းကျေးရွာအုပ်စု၊ မလယ်သာကျေးရွာအုပ်စုနှင့် ကရင်မစမ်းကျေးရွာအုပ်စုများရှိ ကျေးရွာပေါင်း (၂၁)ရွာ၊ လူဦးရေ(၁၂၉၀၇) ဦးတို့အတွက် ရာသီမရွေးသွားလာနိုင်တဲ့ကျေးလက်လမ်း ယခုအချိန်အထိ မရှိသေးပါ။ သစ်ထုတ်လုပ်ခဲ့သော လမ်းမကြီးရှိသော်လည်း ပွင့်လင်းရာသီ မတ်လအထိသာ သွားလာနိုင်ကြပါတယ်။ မိုးဦးလေဦးစတင်တာနဲ့ တစ်ပြိုင်နက် သွားလာ၍ မရတော့ပါဘူး။

ကျွန်တော်အထက်တွင် တင်ပြခဲ့သလို လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းသဖြင့် ယင်းဒေသနေကျေးလက်ပြည်သူတို့ အစစအရာရာ ခေတ်နောက်ကျကျန်ခဲ့ပါပြီ။ လူမှုစီးပွားဘဝနိမ့်ကျလှပါတယ်။ ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတွင် တောခေါင်ခေါင် တောနက်ရာဒေသကလည်း ဖြစ်ပြန်၊ လမ်းပန်းဆက်သွယ်ရေးကလည်း မကောင်းတဲ့အတွက် အနိမ့်ကျဆုံးအခြေအနေမှာ ရှိနေတယ်ဆိုရင် မှားမှာမဟုတ်ပါဘူး။ ရောက်ဘူးမှသိကြမှာပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ယင်းလမ်းကြမ်းအဆုံးအထိ ကွင်းဆင်းလေ့လာခဲ့ကြပါပြီ။ ၎င်းတို့တင်ပြတဲ့အတိုင်း မှန်ကန်နေတာကို လက်တွေ့မြင်ခဲ့ကြရပါတယ်။ မွေ့ပွေးထိ လူနာတွေ၊ မီးမဖွားနိုင်တဲ့အမျိုးသမီးတွေနဲ့ အခြားအရေးကြီးလူနာတွေမြို့တက်ကုရန် သယ်ဆောင်လာစဥ် လမ်းမှာပဲ ကွယ်လွန်ကုန်တာ မနည်းတော့ဘူးလို့ ဆိုပါတယ်။

ဒီ ဒန်းဒေါင့်-ငလောက် ကျေးရွာလမ်းမကြီးကို အဆင့်မြှင့်တင်ပေးလိုက်မယ်ဆိုရင် ယင်းဒေသနေ ကျေးလက်ပြည်သူတို့ရဲ့လူမှုစီးပွားဘဝတွေ လျင်မြန်စွာ တိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေတဲ့ ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဥ်ကြီးကိုလည်း အထောက်အကူပြုရာ ရောက်ပါလိမ့်မယ်။ ထိုအရပ်ရှိကျေးလက်ဒေသတွေ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာ မြေကြီးလက်ခတ်မလွဲပါပဲ။ ဤလမ်းမကြီးကို မှီခိုအားထားရမည့် ကျေးရွာများကို လေ့လာကြည့်ပါက ညောင်ကိုင်းကျေးရွာ၊ အင်းကြီးကျေးရွာ၊ ကျွဲခေါင်းကျေးရွာ၊ သံပုရာခုံကျေးရွာ၊ လှံ့တင်ကျေးရွာ၊ ကြက်သွန်ခင်းကျေးရွာ၊ တုံးကြို့ကျောက်ပုံကျေးရွာ၊ တုံးကြို့ရွာမကျေးရွာ၊ တုံးကြို့တောင်ကျော်ကျေးရွာ၊ ကြူဝပ်ကျေးရွာ၊ တလုပ်ပင်ကျေးရွာ၊ သက္ကယ်ပြင်ကျေးရွာ၊ ငလောက်ကျေးရွာ၊ ဘင်ဟုန်ကျေးရွာ၊ ကိုးတောင်ကျေးရွာ၊ နှောက်စမ်းကျေးရွာ၊ မဲခေါင်းကျေးရွာ၊ တလဘားကျေးရွာ၊ မလယ်သာကျေးရွာ၊ ညောင်ဖူးခက်ကျေးရွာ၊ ကရင်မစမ်းကျေးရွာ၊ တပလိုင်းကျေးရွာနဲ့ ကုတင်ရသာကျေးရွာ အစရှိသဖြင့် စုစုပေါင်း(၂၃)ရွာပင် ရှိနေပါတယ်။ ထိုကျေးလက်ပြည်သူများကလည်း သူတို့ဒေသမှာ လမ်းလုပ်ပေးလျှင် တော်ပါပြီ၊ လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းတဲ့အတွက် အစစအရာရာ ခေတ်နောက်ကျကျန်ခဲ့လို့ပါ။ အခြားအရာတွေမတောင်းလိုပါ။ စသည်ဖြင့် လွှတ်တော်ကိုယ်စားလှယ် တွေ ကို တင်ပြခဲ့ကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း ဤလမ်းရဲ့

အခြေအနေ၊ ကျေးလက်ပြည်သူတွေရဲ့ဘဝနဲ့ ဆင်းရဲမွဲတေမှုတွေကို လက်တွေ့မျက်မြင် ဖြစ်ခဲ့ကြတဲ့အတွက် ၎င်းတို့ရဲ့တောင်းဆိုတင်ပြချက်တရားမျှတမှု ရှိနေကြောင်းလေ့လာတွေ့ရှိခဲ့ကြရပါတယ်။

သို့ပါ၍ နိုင်ငံတော်မှ ပြုပြင်မွမ်းမံပေးသင့်ပါကြောင်း ထောက်ခံတင်ပြ အပ်ပါ တယ်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါမေးခွန်းများကို ဖြေကြားပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ (က) သမ္ဘူလတိုက်နယ် ခရိုင်ချင်းဆက်လမ်းပေါ်ရှိ ဒန်းဒေါင့်ကျေးရွာမှ တလုပ်ပင်ကျေးရွာအုပ်စု ငလောက်ကျေးရွာအထိ အကြမ်းဖျင်း(၁၈)မိုင်ခန့်ရှိ ကျေးရွာချင်းဆက်လမ်းတွင် မြေနီကျောက်ချောလမ်းခင်းကျင်းပေးပါရန် အစီအစဉ်ရှိ/မရှိ။ (ခ) အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စီစဉ်ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုပါကြောင်း တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**မြောက်ဦးမြို့နယ်၊ နတ်ချောင်း - ဂျင်ချေ -နတ်ချောင်း ရွာသစ်လမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က မြောက်ဦးမြို့နယ်၊ နတ်ချောင်း - ဂျင်ချေ -နတ်ချောင်း ရွာသစ်လမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မြောက်ဦးမြို့နယ်၊ နတ်ချောင်း- ဂျင်ချေ- နတ်ချောင်း ရွာသစ်လမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

မေးခွန်းမေးတဲ့အကြောင်းနဲ့ ပတ်သက်လို့ အနည်းငယ်ဆွေးနွေးတင်ပြပေးပါမယ်။ ကျွန်တော်တို့ မြောက်ဦးမြို့ရဲ့အနောက်မြောက်ဘက်ကျေးရွာများဟာ ရန်ကုန်-စစ်တွေမြို့ရဲ့ အဝေးပြေးကားလမ်းမကြီး ဖြတ်သန်းသွားလာရာနဲ့နီးကပ်တဲ့အတွက် မြောက်ဦးမြို့နဲ့ တခြားမြို့များသို့ သွားလာရန် လွယ်ကူသွားပါတယ်။ ရွာချင်းဆက်လမ်းများလည်း ရှိနေကြတဲ့အတွက်ကြောင့် သွားရေး၊ လာရေးအဆင်ပြေလာကြပါတယ်။ ဒါကြောင့် ဒေသရဲ့စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုစေပါတယ်။ သို့သော်လည်းမြောက်ဦးမြို့ရဲ့အနောက်တောင်ဘက်အရပ်မှာရှိတဲ့ ကျေးရွာများမှာကျတော့ ချောင်းဝ၊ မြစ်ဝဒေသတွေဖြစ်နေပါတယ်။ ဒါကြောင့် ဒီရွာချင်းဆက်လမ်းဆိုတာလည်း မရှိသလောက်ပါပဲ။ ဒါကြောင့်မို့လို့ ဒီဒေသမှာနေထိုင်တဲ့ ကျေးလက်ပြည်သူတို့ရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာ အဖက်ဖက်မှနိမ့်ကျပြီးတော့ နောက်မှာကျန်နေခဲ့ကြ ပါတယ်။ အထူးသဖြင့် နတ်ချောင်း ကျေးရွာပတ်ဝန်းကျင်ဒေသဟာ မြောက်ဦးမြို့ရဲ့အစွန်ဆုံးနယ် ဖြစ်ပါတယ်။

အဝေးဆုံးဒေသတစ်ခုလည်း ဖြစ်ပါတယ်။ နတ်ချောင်းကျေးရွာမှာ ကျန်းမာရေးဌာနခွဲနဲ့ မူလွန်ကျောင်းတို့ရှိကြပါတယ်။ ရွာနီးချင်းကျေးရွာတို့က မကျန်းမာတဲ့လူနာတွေနဲ့ မူလွန်ပညာကို သင်ယူဖို့လာတဲ့ ကျောင်းသား၊ ကျောင်းသူတို့ဟာ နေ့စဉ်(၆)ဖာလုံခန့်ကွာဝေးသော နတ်ချောင်း ကျေးရွာကိုလာနေကြရပါတယ်။ အဲဒီလို လာနေတဲ့အခါမှာ လယ်တောကို ဖြတ်သန်းစီးဆင်းနေတဲ့ ချောင်း(၃)ခုကို ဖြတ်ပြီးတော့ကာ လာရပါတယ်။ တော်တော်အန္တရာယ်များတယ်လို့ သိရပါတယ်။

ဒါကြောင့် ဖွံ့ဖြိုးမှုနိမ့်ကျနေသည့် ဝေးလံခေါင်ဖျားသော ကျေးလက်နေပြည်သူများရဲ့ သွားရေးလာရေးအဆင်ပြေချောမွေ့စေရန် အထူးဒေသတစ်ရပ်အနေဖြင့် နတ်ချောင်း-ဂျင်ချေ-နတ်ချောင်း ရွာသစ်လမ်းကို ရာသီမရွေးသွားလာနိုင်သော ကျောက်ချောခင်းအဖြစ် ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ နဲ့ပတ်သက်လို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံလူထုကိုယ်စား မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ် နှစ်ပါးကျန်းမာချမ်းသာပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ဒီအမျိုးသား လွှတ်တော် ကိုယ်စားလှယ်ကြီးများမေးမြန်းထားတဲ့ မေးခွန်း(၃)ခုကို သူ့အပိုင်းလိုက်ကျွန်တော်တို့ ပြန်လည်ပြီးတော့ တင်ပြဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးဆုံး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်ဒုတိယဝန်ကြီး ဦးတင်ငွေမှ ဖြေကြားပေးမှာ ဖြစ်ပါတယ်။ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ အောင်သပြေကျေးရွာမှ ရန်ကုန်-မန္တလေး အမြန်လမ်းအနီး ကုန်ထုတ်လမ်းကို ဆက်သွယ်တဲ့လမ်းဟာ အရှည်အားဖြင့် (၁၈)မိုင် ရှိပါတယ်။ ယခုအခါမှာတော့ လှည်းသွားနိုင်တဲ့အဆင့်သာရှိပြီး ကျေးရွာ(၇)ရွာ၊ အိမ်ခြေပေါင်း(၆၁၆)အိမ်၊ လူဦးရေပေါင်း(၂၈၅၉)ဦးတို့သွားလာအသုံးပြုလျက်ရှိကြောင်း သိရပါတယ်။ အဆိုပါလမ်းကို (၁၈)မိုင်အရှည် မြေသားလမ်းဖောက်လုပ်ရန်အတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သန်း(၂၇၀)ခန့်ထား ကုန်ကျမယ်လို့ ခန့်မှန်းရရှိပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ အောင်သပြေကျေးရွာမှ ရန်ကုန်-မန္တလေး အမြန်လမ်းအနီး ကုန်ထုတ်လမ်းကို ဆက်သွယ် တဲ့ လမ်းကို ယခု၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ခွင့်ပြုထားတဲ့ရန်ပုံငွေမရှိပါဘူး ခင်ဗျား။ လတ်တလောလည်း ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးရန်အစီအစဉ်လည်း

မရှိသေးပါဘူး ခင်ဗျား။ သို့သော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဦးစားပေးအစီအစဥ် အတိုင်း လျာထားတဲ့အခါမှာတော့ အစီအစဥ်အတိုင်း ထည့်သွင်းလျာထားသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၈) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းရဲ့ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ အောင်လံမြို့နယ် ဒန်းဒေါင့်-ငလောက် ကျေးရွာချင်းဆက်လမ်း အရှည်ဟာ (၁၈)မိုင် ရှိပါတယ်။ ယခုအခါလက်ရှိအနေအထားမှာ မြေသားလမ်းဖြစ်ပြီး ကျေးရွာ(၂၁)ရွာ၊ လူဦးရေ (၁၂၉၀၇)ကို အကျိုးပြုပါတယ်။ အဆိုပါ လမ်းဟာ ကျောက်ချောလမ်းခင်းရန်အတွက် ခန့်မှန်းကုန်ကျငွေ (၉၄၄.၈၂) သန်းကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်းမှာ ၂၀၁၄-၂၀၁၅ အချုပ်မှာ စုစုပေါင်း ခွင့်ပြုထားတဲ့ ရန်ပုံငွေကတော့ (၁၃.၈၉၄)ကျပ် ဘီလီယံ ဖြစ်ပါတယ်။ ကတ္တရာလမ်းအနေနဲ့ (၁၂)မိုင်၊ (၇)ဖာလုံ၊ ကျောက်ချောလမ်း အနေနဲ့ (၂၁၆)မိုင်(၃)ဖာလုံ၊ မြေသားလမ်း(၂၀၇)မိုင်(၇)ဖာလုံ ကျွန်တော်တို့ ခွင့်ပြုထားတာ ဖြစ်ပါတယ်။ အောင်လံမြို့နယ်အနေနဲ့ပြန်ပြီးတော့တင်ပြရရင် ၂၀၁၄-၂၀၁၅ ယခုဘဏ္ဍာရေးနှစ်မှာဆိုရင် ကျပ်သန်းပေါင်း(၇၈၄.၁၈၉)သန်း ခွင့်ပြုထားပြီးတော့ ကတ္တရာလမ်း (၆)မိုင်၊ (၄)ဖာလုံ၊ ကျောက်ချောလမ်း(၁၆)မိုင်နဲ့(၅)ဖာလုံ၊ မြေသားလမ်း(၂၇)မိုင်နဲ့(၅)ဖာလုံ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမှမေးမြန်းလာသော အောင်လံမြို့နယ်အတွင်းမှာ ရှိတဲ့ ဒန်းဒေါင့်-ငလောက် ကျေးရွာချင်းဆက်လမ်းကို ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုထားခြင်းမရှိသေးပါဘူး။ အခုလတ်တလောကျွန်တော်တို့ ဖြည့်စွက်မှာလည်း ခွင့်ပြုပေးနိုင်ခြင်းမရှိသေးပါဘူး။ သို့သော်လည်းဦးစားပေးအနေနဲ့လာမည့် ၂၀၁၄-၂၀၁၅ မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြချက်အရ ဒီလမ်းဟာကျေးရွာလူထုကို အကျိုးပြုခဲ့တာဖြစ်လို့ ဦးစားပေးအနေ နဲ့ ထည့်သွင်းပြီးတော့ ဒီလာမည့်နှစ်မှာ လျာထားပေးပါမယ်လို့တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ တတိယမေးခွန်းအနေနဲ့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်လို့လည်း ဆက်လက်တင်ပြဖြေကြားပေးပါမယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ နတ်ချောင်း-ဂျင်ချေ-နတ်ချောင်း-ရွာသစ်ကျေးရွာချင်းဆက်လမ်းဟာ (၃)မိုင်ခန့်ရှိပါတယ်။ လက်ရှိအခြေအနေမှာ လူသွားလမ်းဖြစ်ပြီးတော့ လယ်ယာမြေများကို ဖြတ်သန်းပြီးတော့ ဖောက်လုပ်ထားတာဖြစ်ပါတယ်။ အဆိုပါလမ်းကို မြေသားလမ်းဖောက်လုပ်မယ် ဆိုလို့ရှိရင် (၇၂.၉၉)သန်း ကျပ်ကုန်ကျမှာဖြစ်ပြီးတော့ ကျောက်ချော ဆက်ခင်းမယ်ဆိုရင်တော့ (၂၂၅.၈၇)သန်း ဖြစ်ပြီးတော့ အဲဒီမှာ တံတား(၃)စင်း ရှိပါတယ်။ ပေ(၇၀)ကျော်တဲ့ ကွန်ကရစ်ချောင်းကူးတံတား(၃)စင်း ကျပ်သန်း (၂၁၀)၊ (၁၈)ပေရှိတဲ့ ရေပြွန်ပေါင်း (၃၀)ကျပ်သန်း (၆၀)နဲ့ စုစုပေါင်းကျပ် (၅၆၈.၈၆)သန်း ကုန်ကျပြီးတော့ အိမ်ခြေ(၃၃၀)၊ လူဦးရေ(၁၈၄၅)ဦးကို အကျိုးပြုမယ်လို့သိရှိရပါတယ်။

ရခိုင်ပြည်နယ်ချုပ်အနေနဲ့တင်ပြရရင် ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ ခွင့်ပြုရန်ပုံငွေ(၁၁.၈၄၂) ဘီလီယံကျပ်ရှိပါတယ်။ ကတ္တရာလမ်း(၂၁)မိုင်၊ ကျောက်ချောလမ်း (၁၀၅)မိုင်၊ (၆)ဖာလုံ၊ မြေသား မိုင်(၁၀၀)နဲ့ (၄)ဖာလုံ၊ ကွန်ကရစ်တံတား(၄၈၅)ပေနဲ့ သစ်သားတံတား(၂၄၄၆)ပေ ခွင့်ပြုထားတာ ဖြစ်ပါတယ်။မြောက်ဦးမြို့နယ်အချုပ်အနေနဲ့တင်ပြရရင် ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ခွင့်ပြုထား တဲ့ ငွေကတော့ (၁.၂၈၅)ဘီလီယံ ကျပ် ဖြစ်ပါတယ်။ ကတ္တရာလမ်း(၁၂)မိုင်၊ (၄)ဖာလုံ၊ ကျောက်ချောလမ်း (၂)မိုင်၊(၁)ဖာလုံ၊ မြေသားလမ်း(၄)မိုင်(၇)ဖာလုံ ခွင့်ပြုထားတာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းလာတဲ့ မြောက်ဦးမြို့နယ်အတွင်းမှာရှိတဲ့ ဒီ နတ်ချောင်း-ဂျင်ချေ-နတ်ချောင်း-ရွာသစ် ဒီလမ်းနဲ့ပတ်သက်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်မှာလည်း ခွင့်ပြုထားခြင်းမရှိသေးပါဘူး။ လတ်တလောလည်း ခွင့်ပြုပေးနိုင်ခြင်း မရှိသေးပါ ကြောင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက် ပေးလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကိုလေးစားပါတယ်။

**ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲလာခြင်း ကြောင့် ဖြစ်ပေါ်လာနိုင်သော သီးနှံဖျက်ပိုးများနှင့် သီးနှံပင် ရောဂါများကို ကြိုတင်တွက်ချက် ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော သီးနှံဖျက်ပိုးများနှင့် သီးနှံပင်ရောဂါများကို ကြိုတင်တွက်ချက် ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီး ကော်မရှင် အဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကမ္ဘာတစ်ဝန်း ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ သီးနှံဖျက်ပိုးနှင့် သီးနှံပင်ရောဂါများကို ကြိုတင် တွက်ချက်ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာကြီး ပူနွေးလာတဲ့အတွက်ကြောင့်မို့လို့ သီးနှံဖျက်ပိုးနဲ့ သီးနှံပင် ရောဂါများ ကမ္ဘာ့နေရာအနှံ့ကို ပျံ့ပွားလာခြင်းအတွက် အထောက်အကူပြုနေပါတယ်။ သုတေသန ပညာရှင်များက လွန်ခဲ့တဲ့နှစ်ပေါင်း (၅၀)အတွင်း တွေ့ရှိခဲ့တဲ့ သီးနှံဖျက်ပိုးနဲ့ ရောဂါအမျိုးပေါင်း (၆၁၂)မျိုးရဲ့ မှတ်တမ်းတွေကို လေ့လာပြီး ပိုးမွှားတစ်မျိုးစီရဲ့ ပျံ့နှံ့ပုံမှာ မတူညီတဲ့အကြောင်း တွေ့ရှိခဲ့ ကြပါတယ်။ လိပ်ပြာအချို့နဲ့ အင်းဆက်ပိုးတွေဟာ တစ်နှစ်ကို (၁၂)မိုင်နှုန်းနဲ့ လျင်မြန်စွာ ပျံ့နှံ့နေခြင်း ရှိသလို အချို့ ဘက်တီးရီးယား မျိုးစိတ်တွေကတော့ ပျံ့နှံ့မှု မရှိပါဘူး။ ၁၉၆၀ ပြည့်နှစ်များကနေ စတင်ပြီး သီးနှံဖျက်ပိုးတွေဟာ တစ်နှစ်ကို ပျမ်းမျှ (၂)မိုင်နှုန်းနဲ့ ဒေသသစ်တွေကို ပျံ့နှံ့လျက်ရှိကြောင်း

လေ့လာတွေ့ရှိရပါတယ်။ ကမ္ဘာပေါ်မှာ ရှိတဲ့ သီးနှံစုစုပေါင်းရဲ့ (၁၀)ရာခိုင်နှုန်း ကနေ (၁၆)ရာခိုင်နှုန်းဟာလည်း ဖျက်ပိုးနဲ့ ရောဂါတွေကြောင့်ပျက်စီးပြီးတော့ ကမ္ဘာကြီး ပိုမိုပူနွေးလာခြင်းကြောင့် အခြေအနေ ပိုပြီးတော့ ဆိုးဝါးလာနိုင်တယ်လို့ သုံးသပ်ထားပါတယ်။ အီကွေတာကနေ ဝင်ရိုးစွန်းများကို ပိုးတွေက ပျံ့နှံ့ခြင်း ဖြစ်ပါတယ်။ ဖျက်ပိုးနဲ့ ရောဂါများ နိုင်ငံတစ်ခုကနေ တစ်ခုကို ပျံ့နှံ့ခြင်းကတော့ ကမ္ဘာ့သီးနှံကုန်သွယ်ရေးကြောင့် ဖြစ်ပါတယ်။ ပိုးမွှားတွေဟာ ၎င်းတို့နဲ့ သင့်တော်တဲ့ အခြေအနေမျိုးမှာသာ ရှင်သန်ပေါက်ဖွားနိုင်ချေ ရှိပါတယ်။ ကမ္ဘာ့အပူချိန် မြင့်တက်လာတဲ့ အတွက်ကြောင့် အေးတဲ့ အမြင့်ပိုင်းဒေသမှာ ပိုးမွှားတွေ ရှင်သန်နိုင်ချေ ပိုမိုပြီးတော့ မြင့်မားနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကို အဓိက ထားတဲ့ နိုင်ငံဖြစ်သလို ရာသီဥတုနဲ့ တောင်ပေါ်မြေပြန့်စတဲ့ အနေအထားတွေကလည်း အမျိုးမျိုး ရှိပါတယ်။

ဒါကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှာ ဖျက်ပိုးနဲ့ ရောဂါသစ်တွေ ဝင်ရောက်နိုင်ချေ နည်းပါးဖို့အတွက် သီးနှံတွေကို သေသေချာချာ ထိန်းသိမ်းစိုက်ပျိုးရန် လိုအပ်ပါတယ်။ မိမိရဲ့နိုင်ငံ ၊ မိမိရဲ့နယ်နိမိတ်ကို ကာကွယ်ထိန်းသိမ်းဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာကြီး ပူးနွေးလာမှုကြောင့် ပြောင်းလဲ ဖြစ်ပေါ်လာနိုင်တဲ့ သီးနှံဖျက်ပိုးနဲ့ သီးနှံပင်ရောဂါတွေကို ကြိုတင်တွက်ချက်ပြီးတော့ ကာကွယ်ရေး အစီအမံတွေကို မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တောင်သူလယ်သမားများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၀။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ၏ မေးမြန်းချက်ကို ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် သီးနှံဖျက်ပိုးများနှင့် သီးနှံဖျက်ရောဂါများ ကျရောက်ဖျက်စီးမှုများမှ ကာကွယ်နိုင်ရန်အတွက် ရာသီအလိုက် စိုက်ပျိုးလျက်ရှိသော သီးနှံများတွင် ကျရောက်ဖျက်စီး တတ်သော ပိုးမွှားရောဂါများဟာ အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက် (Early Warning) ထုတ်ပြန်ကြေငြာပေးခြင်းများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်များတွင်လည်းကောင်း တောင်သူလယ်သမားများကဏ္ဍ ရုပ်သံလိုင်း Farmer Channel Skynet ရုပ်သံလိုင်း မြန်မာ့အသံ၊ ချယ်ရီ FM စသည့် သတင်းမီဒီယာများတွင်လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ အပတ်စဉ်ထုတ် လယ်ယာစီးပွား သတင်းစာစောင်၊ နည်းသစ်စွယ်စုံပညာ ပေးဂျာနယ်၊ မြန်မာ့

တောင်သူကြီးများဂျာနယ်တို့တွင် ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ အကြိမ်ပေါင်း (၁၂၀)ကြိမ် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ထို့အပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်မှ ပညာရှင်များ ပါဝင်သော ကွင်းဆင်းပညာပေးအဖွဲ့ (၅)ဖွဲ့မှ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေး ပညာရှင်များမှ ရာသီအလိုက် အချိန်နှင့်တစ်ပြေးညီ ကျေးရွာအုပ်စုများသို့ အရောက်တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပညာပေးခြင်း (၁၃၈)ကြိမ် ပိုးသတ်ဆေးများ မဆင်မခြင်သုံးစွဲမှုများကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး၊ ပိုးမွှားရောဂါများ ပြန့်ပွားမှုမရှိစေရေးအတွက် ဖျက်ပိုးများအား ဘက်စုံကာကွယ်နှိမ်နင်းရေး နည်းလမ်းများဖြင့် လိုက်နာကျင့်သုံး ဆောင်ရွက်စေရေးအတွက် တောင်သူပညာပေး ပိုးမွှားရောဂါ ကာကွယ်ရေး သင်တန်းကျောင်းများတွင် ပညာပေးခြင်းများကို ၂၀၁၄ ခု ဩဂုတ်လအထိ အကြိမ်ပေါင်း (၁၃၆)ကြိမ် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ကုန်သွယ်ရေးတွင် လယ်ယာထွက်ကုန်သီးနှံများကို ကုန်သွယ်ဖက်နိုင်ငံအချင်းချင်း တင်ပို့ရောင်းချလျက်ရှိရာ မိမိနိုင်ငံအတွင်းသို့ တင်သွင်းလာသော လယ်ယာထွက်ကုန်သီးနှံများနှင့်အတူ သီးနှံဖျက်ပိုးရောဂါများ ဝင်ရောက်လာခြင်း မရှိစေရန် ၁၉၉၃ ခုနှစ်မှစတင်၍ အပင်ပိုးမွှားကာကွယ်သည့် ဥပဒေ (Plant Pest Quarantine Law) ပြဋ္ဌာန်းခဲ့ပြီး ဥပဒေနှင့်အညီ မြန်မာနိုင်ငံအတွင်း မရှိသေးသော ပိုးမွှားရောဂါအသစ်များ၊ နိုင်ငံအတွက် အန္တရာယ်ကြီးမားသော ဖျက်ပိုးများ ဝင်ရောက်လာမှု မရှိစေရန် စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်လမ်းကြောင်း (၉)ခုနှင့် ရန်ကုန်နှင့် မန္တလေးလေဆိပ် သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်စခန်း (၁၁)ခုဖြင့် ကုန်သွယ်သည့် သီးနှံများနှင့်အတူ ပိုးမွှားရောဂါသစ်များ ကပ်ငြိဝင်ရောက်လာမှု မရှိစေရန် စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

ထို့အပြင် ၁၉၉၃ ခုနှစ် ပြဋ္ဌာန်းခဲ့သော အပင်ပိုးမွှားကာကွယ် သည့် ဥပဒေအား အပင်ပိုးမွှားကင်းရှင်းရေး နည်းလမ်းများဆိုင်ရာ နိုင်ငံတကာ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ညီညွတ်စေရန်နှင့် ခေတ်ကာလနှင့် ကိုက်ညီမှု ရှိစေရန် အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းဆိုင်ရာ ပိုးမွှားရောဂါထိန်းချုပ်ရေးဥပဒေအဖြစ် ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မျိုးစေ့ဥပဒေကို ပြင်ဆင်

သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ အဓိက တင်သွင်းရမယ့် ပုဂ္ဂိုလ်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ သူ့အနေနဲ့ နိုင်ငံခြားခရီးသွားရောက်နေတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ တင်ပြဖို့ အတွက် ကျွန်တော့်မှာ အဆင်သင့် မရှိပါဘူးခင်ဗျား။

**ဥက္ကဋ္ဌ။** ။ဒီဥပဒေကို လွှတ်တော်က လက်ခံဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းအပ်ပါ တယ်ဆို ပြီးပါပြီ။ ရှင်းပြစရာ မလိုပါဘူး။

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီမျိုးစေ့ဥပဒေနဲ့ မျိုးစေ့ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို လွှတ်တော်မှာ ဆွေးနွေးအတည်ပြုပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် မှ အဆို တင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီးက တင်သွင်းသော မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းကို ကျွန်တော် ဦးတိုးဝင်း တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မျိုးစေ့ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံ ဆွေးနွေးစဉ်းစားရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့် မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာဖြစ်ပါတယ်။

မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ။** ။ မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးကျော်ကျော် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် အခု ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းပေးပါမယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁) ၁ /၂၀၁၄ - ၄၇၁
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မျိုးစေ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ရန် (၁၉-၉-၂၀၁၄) ရက်နေ့တွင် ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ( ၂၅ - ၉ - ၂၀၁၄) ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) ဤဥပဒေကြမ်း အပိုဒ် ၉ တွင် “ မျိုးစေ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် ၈ ၌ ဖော်ပြသောစကားရပ်တစ်ခုလုံးအား ပယ်ဖျက်၍ “မျိုးစေ့အရည်အသွေး ထောက်ခံချက်” ဟူသော စကားရပ်ဖြင့် အစားထိုးဖော်ပြရမည်။” ဟုဖော်ပြထားပါသည်။ အဆိုပါ ရည်ညွှန်း ပုဒ်မသည် မျိုးစေ့ထုတ်ပိုးထားသော သို့မဟုတ် ထည့်သွင်းထားသော

ပစ္စည်းများပေါ်တွင် ဖော်ပြရမည့်အချက်အလက်များတွင် ပါဝင်ရမည့် အချက်များဖြစ်ပါသည်။ အဆိုပါ အချက်အလက်များတွင် " မျိုးစေ့အရည်အသွေးအာမခံချက်" နေရာ၌ ယင်းစကားရပ်ကို ပယ်ဖျက်ပြီး အစားထိုးပြင်ဆင်လိုခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ မျိုးစေ့အရည် အသွေး အာမခံချက်ကို ဖော်ပြရန် သတ်မှတ်ထားချက်ကို ပယ်ဖျက်ရန်မသင့်ခြင်း၊ အစားထိုးသည့် စကားရပ်မှာလည်း တိကျပြည့်စုံမှု မရှိခြင်းတို့ကြောင့် ဥပဒေကြမ်းအပိုဒ် ၉ ကို အောက်ပါအတိုင်း ပြင်ဆင်အစားထိုးသင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

၉။ မျိုးစေ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)၊ ပုဒ်မခွဲငယ် ၈ ၏နောက်၌ ၈-က အဖြစ် အမျိုးသားမျိုးစေ့ကော်မတီ၏ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ် ရရှိထားသော မျိုးစေ့အရည်အသွေး စစ်ဆေးခန်း၏ ထောက်ခံချက် "ဟူသော စကားရပ်ကို အသစ် ဖြည့်စွက်ရမည်။"

(ခ) ထို့အပြင် ဥပဒေတစ်ရပ်လုံးတွင် မြန်မာစာအထားအသို မှန်ကန်စေရန်နှင့် ဥပဒေရေးထုံးဆိုင်ရာ ပြင်ဆင်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ပြင်ဆင်ဖြည့်စွက်ချက် အသေးစိတ်ကို ကန့်လန့်ဖြတ်ဇယားနှင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် တင်ပြအစီရင်ခံအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မျိုးစေ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၂-၁၀-၂၀၁၄ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၂ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၇။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဦးစိုင်းတင်အောင် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်ပညာရှင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကာယစိတ္တသုခနှစ်ဖြာနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားတင် ပြ သွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းအပေါ် ပြန်လည်စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄ - ၄၇၂

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်

၁။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၁၇-၉-၂၀၁၄ ရက်နေ့တွင် အမျိုးသား

လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၂၆-၉-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဗိုလ်မှူးမြင့်စိန် နှင့် ဗိုလ်မှူး မျိုးကိုကို တို့က အကြံပြုဆွေးနွေးခဲ့ကြပါသည်။ လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာမှု ပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့သဖြင့် အကြံ ပြုဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေကြမ်းကော်မတီသည် ၁-၁၀-၂၀၁၄ ရက်နေ့တွင် အစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး အောက်ပါအတိုင်း ညှိနှိုင်းသဘောတူညီမှုရရှိခဲ့ ပါသည်။

လေ့လာတွေ့ရှိချက်များ။

၂။ ဤဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းနှစ်ရပ်လုံးသည် ပို့ဆောင်ရေးဝန်ကြီးဌာန တစ်ခုတည်း က စီမံခန့်ခွဲဆောင်ရွက်ရမည့် ဥပဒေကြမ်းများဖြစ်သဖြင့် ပြဋ္ဌာန်းချက်များ တူညီမှုရှိစေရန်နှင့် အဓိပ္ပါယ်ပိုမိုပြည့်စုံမှု ရှိစေရန်အတွက် အောက်ပါတို့ကို ပြင်ဆင်၊ ဖြည့်စွက်၊ အစားထိုးသင့်ကြောင်း ညှိနှိုင်းသဘောတူညီ ခဲ့ကြပါတယ်။

(က) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၂ (င)တွင် ဖော်ပြထား သော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဆိပ်ကမ်းများဆိုရာတွင် အဖွဲ့ပိုင်ရေယာဉ်များ သွား၊ လာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့ ရွာများရှိ ရေယာဉ်ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ၊ ယင်းနှင့် ဆက်စပ်သော နယ် မြေများနှင့် နယ်နိမိတ်များပါဝင်သည်ဟုလည်းကောင်း၊ အပိုဒ်၂(ဈ)တွင် အဆောက် အအုံများ၊ အလုပ်ရုံများဆိုသည့် စကားရပ်ကို အဆောက်အအုံများ၊ စက်ရုံများ၊ အလုပ်ရုံများဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးပြင်ဆင်ဖြည့်စွက်သင့် ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၄ ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။ ၄(က) အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင်ထားရ မည်။ (ခ) အဖွဲ့သည် ဤဥပဒေအရ သတ်မှတ်သည့် လုပ်ငန်းတာဝန်ဖွဲ့စည်းပုံနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။ (ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ်(ဂ) ၆(ခ)ကို အဖွဲ့အတွက် ယာဉ်၊ ဘောတံတား၊ ကုန်လှောင်ရုံ၊ ကမ်းတက်ဆိပ်နှင့် အခြားလိုအပ်သော ပစ္စည်းများကို ဝယ်ယူခြင်း။ တည်ဆောက်ခြင်းနှင့် အဖွဲ့ပိုင်ပစ္စည်းများကို အငှားချထားခြင်း၊ ထုခွဲရောင်းချ ခြင်း၊ အာမခံထားရှိခြင်းဟု ပြင်ဆင်ပြီး အပိုဒ် ၇(ခ)အဖြစ်လည်းကောင်း၊ အပိုဒ် ၇(ည)ကို အဖွဲ့ပိုင်ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုတော့သည့်ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလို ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်ဟု ပြင်ဆင်ပြီး၊ အပိုဒ်၈(ည)အဖြစ်လည်းကောင်း၊ အပိုဒ်၈(ဂ)ကို ရေကြောင်းသွားလာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦးဟု ပြင်ဆင်ပြီး၊ အပိုဒ်

၉(ဂ)အဖြစ်လည်းကောင်း၊ အပိုဒ် ၈(င)ကို ဝန်ကြီးဌာနက ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ်များဟုပြင်ဆင်ပြီး အပိုဒ်၉(စ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဥ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(ဃ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းအပိုဒ် ၁၃(က)(ခ)(ဃ)တို့ကို အပိုဒ် ၁၁ (က)(ခ)(ဃ)တို့ဖြင့် ပြောင်းလဲအမှတ်စဥ်၍ အောက်ပါအတိုင်း ပြင်ဆင်အစားထိုးသင့်ကြောင်း ညှိနှိုင်းသဘောတူညီ ခဲ့ကြပါသည်။ ၁၁(က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးသည် ယင်းအား မခန့်ထားမီကာလက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေး၊ ကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်သူများနှင့် ကင်းရှင်းသူဖြစ်ရမည်။ (ခ)ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးသည် စီမံခန့်ခွဲရေးအဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပဋိညာဉ်တွင် သော်လည်းကောင်း၊ ရောင်းမှု၊ ဝယ်မှု သို့မဟုတ် ငှားရမ်းမှုတစ်ခုခုတွင် သော်လည်းကောင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့၏ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။ (ဃ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တစ်ဦးဦးမှာ ငွေရေး၊ ကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြား အကျိုးသက်ဆိုင်ခွင့် ရှိ/မရှိ ဆုံးဖြတ်ရန် အကြောင်း ပေါ်ပေါက်လျှင် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

(င) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၁၄(က)ကို အပိုဒ် ၁၂ (က)အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့ ရာထူးသက်တမ်းသည် စတင်တာဝန်ထမ်းဆောင်သည့် နေ့ရက်မှ (၅)နှစ်ဖြစ်သည်ဟုလည်းကောင်း၊ အပိုဒ် ၁၉(စ)ကို အပိုဒ် ၁၇(င)အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ပင်စင်ပေးခြင်းဆိုသည့် စကားရပ်အစားကို အငြိမ်းစားပေးခြင်းဟု လည်းကောင်း၊ အပိုဒ် ၃၅(ဂ)ကို အပိုဒ် ၃၇(ဂ)အဖြစ် ပြောင်းလဲအမှတ်စဥ်၍ တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေဆိုသည့် စကားရပ်ကို နှစ် နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေဟု အသီးသီး ပြင်ဆင်သင့်ကြောင်းနှင့် အပိုဒ်များကို အစီအစဥ်တကျ ပြောင်းလဲ အမှတ်စဥ်သင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

(စ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၄၀ ကို အပိုဒ် ၃၈ အဖြစ် ပြောင်းလဲအမှတ်စဥ်၍ ယင်းအပိုဒ်တွင် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေကို ညွှန်းဆိုထားသည့် ပုဒ်မ မှန်ကန်မှုရှိစေရန်နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ရေယာဉ်များပျက်စီးခြင်း၊ နစ်မြုပ်ခြင်း အခြေအနေများ ပါဝင်စေရန်အတွက် အောက်ပါအတိုင်း ပြင်ဆင်အစားထိုးသင့်ကြောင်း ညှိနှိုင်းသဘောတူညီခဲ့ကြပါသည်။

၃၈။ အဖွဲ့ပိုင်ရေယာဉ်ကို တပ်မတော်က ငှားရမ်းအသုံးပြုရာတွင် ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (က)အရ တားမြစ်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့် ကာလအတွင်း

အသုံးပြုသည့် ရေယာဉ်များပျက်စီးခြင်း၊ နစ်မြုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်ခြင်းမှအပ စတင်ရယူအသုံးပြုစဉ်က အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည်။ သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်။

ကော်မတီ၏ သဘောထားမှတ်ချက်

အပိုဒ် ၃ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော် တပ်မတော်သားကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်များအပေါ်တွင် ညှိနှိုင်းဆွေးနွေးသဘောတူညီမှုများ ရရှိခဲ့ကြပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် ပြန်လည်အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၊

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်-

အပိုဒ် ၂(က)(င)(စ)(ဆ)(ဇ)(ဈ)(ည)

၂။ ဤဥပဒေတွင်ပါဝင်သော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) အဖွဲ့ ဆိုသည်မှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ကို ဆိုသည်။

(င) ဆိပ်ကမ်းများ ဆိုရာတွင် အဖွဲ့ပိုင် ရေယာဉ်များ သွားလာနိုင်သော မြစ်များ၊ ချောင်းများ၊ တူးမြောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့၊ ရွာများရှိ ရေယာဉ် ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ၊ ယင်းနှင့်ဆက်စပ်သော နယ်မြေများနှင့် နယ်နိမိတ်များ ပါဝင်သည်။

(စ) ရေယာဉ် ဆိုရာတွင် ရေကြောင်းသွားလာရာ၌ အသုံးပြုသော စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ် အားလုံးပါဝင်သည်။ ယင်းစကားရပ်တွင် သစ်ဖောင်၊ ဝါးဖောင် စသည်များလည်း အပါအဝင်ဖြစ်သည်။

(ဆ) စက်ရုံ၊ အလုပ်ရုံဆိုသည်မှာ အဖွဲ့လက်အောက် သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ် ဌာနနှင့် အလုပ်ဌာနခွဲများကိုဆိုသည်။

( ဇ ) ဝန်ဆောင်မှုလုပ်ငန်း ဆိုသည်မှာ အခကြေးငွေ၊ အဖိုးအခ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့် ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေယာဉ်များဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဖျော်ဖြေမှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလာရေးလုပ်ငန်း၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်လုပ်ငန်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဝန်ဆောင်မှု လုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့် လုပ်ငန်းများလည်း ပါဝင်သည်။

( ဈ ) ပိုင်ဆိုင်မှုပစ္စည်းဆိုသည်မှာ အဖွဲ့၏ရပိုင်ခွင့်များအားလုံး၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်း အပါအဝင် ပိုင်ဆိုင်မှုများအားလုံး၊ မြေများ၊ အဆောက်အအုံများ၊ စက်ရုံများ၊ အလုပ်ရုံများ၊ သင်္ဘောကျင်းများ၊ ရေယာဉ်များ၊ ငွေကြေးပိုင်ဆိုင်မှုများ၊ ဘဏ်သွင်းငွေများ၊ အရန်ငွေကြေး ရန်ပုံငွေများ၊ ရင်းနှီးမြှုပ်နှံမှုများ အားလုံးနှင့် ယင်းတို့၏ရပိုင်ခွင့်များ၊ ယင်းတို့မှဖြစ်ထွန်းလာသော အကျိုးစီးပွားများ၊ ငွေစာရင်းစာအုပ်များ၊ မှတ်ပုံတင်စာချုပ်များ၊ မှတ်တမ်းများနှင့် ယင်းပစ္စည်းများနှင့် ဆက်စပ်နေသော ပစ္စည်းအရပ်ရပ်တို့ကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

(ည) အမှုဆောင်အရာရှိချုပ်ဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့၏အကြီးအမှူးကိုဆိုသည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(ဂ)(င)(စ)(ဆ) (ဇ)(ဈ)(ည) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(ဂ) (င)(စ)(ဆ)(ဇ)(ဈ)(ည) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃(က)(ဃ)(င)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများနှင့် ကမ်းရိုးတန်း တစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှု ရှိစေရန်၊

(ဃ) အဖွဲ့၏ စီမံအုပ်ချုပ်မှုနှင့် ငွေကြေးသုံးစွဲမှု စနစ်များကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်၊

( င ) ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အဖွဲ့နှင့်စီမံခန့်ခွဲရေးအဖွဲ့အား လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က)(ဃ)(င) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က)(ဃ)(င)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၄(က)(ခ)၊ အပိုဒ် ၅(ဃ)(င)၊ အပိုဒ် ၆

၄။ (က) အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုသည့် ဖွဲ့စည်းပုံအတိုင်းတည်ထောင်ထားရမည်။

( ခ ) အဖွဲ့သည် ဤဥပဒေအရ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်၊ ဖွဲ့စည်းပုံနှင့်လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

၅။ အဖွဲ့သည် -

(ဃ) နိုင်ငံတော်က မတည်ထုတ်ပေးထားသော ရင်းနှီးငွေများကိုလည်းကောင်း၊ ဌာနက ပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော

ပစ္စည်းများကို လည်းကောင်း၊ ရရန်ပိုင်ခွင့်နှင့်ပေးရန် တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

(င) အဖွဲ့က ပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင် သောပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြု ပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

၆။ ဝန်ကြီးဌာနသည် ဤဥပဒေအာဏာမတည်မီက ဖွဲ့စည်းခဲ့သည့် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ ဤဥပဒေအရ ဖွဲ့စည်းသည့်အဖွဲ့သို့ လွှဲပြောင်းထမ်းဆောင်သည့်အခါ ယင်းတို့တာဝန်ထမ်းဆောင် ခဲ့စဉ်ရရှိခဲ့သည့် ရာထူးနှင့်ရပိုင်ခွင့်ထက် လျော့နည်းခြင်းမရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(က)(ခ)၊ အပိုဒ် ၅ (ဃ)(င)၊ အပိုဒ် ၆ ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၄(က) (ခ)၊ အပိုဒ် ၅(ဃ)(င)၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၇(က)(ခ)(ဇ)

၇။ အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအားလုံးကို ဆောင်ရွက် ခြင်းနှင့် ဤဥပဒေအရ အခြားဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက် ခြင်း၊

(ခ) အဖွဲ့အတွက်ယာဉ်၊ ဗောတံတား၊ ကုန်လှောင်ရုံ၊ ကမ်းတက်ဆိပ်နှင့် အခြားလိုအပ် သည့် ပစ္စည်းများကိုဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် အဖွဲ့ပိုင်ပစ္စည်းများကို အငှား ချထားခြင်း၊ ထုခွဲရောင်းချခြင်း၊ အာမခံထားရှိခြင်း၊

( ဇ ) အဖွဲ့ပိုင် မြေနှင့်အဆောက်အအုံများကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇(က)(ခ)(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇(က)(ခ)(ဇ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၈(ဂ)(င)(စ)(ဇ)(ဈ)(ည)(ဋ)

၈။ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(ဂ) အဖွဲ့ပိုင်မြေ၊ အဆောက်အအုံ၊ ယာဉ်၊ ယန္တရားနှင့် အခြားဆက်စပ်သော ပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့်၊

(င) ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် ရေယာဉ်တည်ဆောက်မှုကို စီမံခန့်ခွဲမှု ကန်ထရိုက်စနစ်ဖြင့်သော်လည်းကောင်း၊ ငှားရမ်း လုပ်ကိုင်ခြင်းစနစ်ဖြင့်သော်လည်းကောင်း၊ အကျိုးတူစနစ်ဖြင့်သော်လည်းကောင်း၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(စ) မိမိပိုင်ဆိုင်သည့် သို့မဟုတ် ခွင့်ပြုချက် ရရှိထားသည့် အသိဉာဏ်ပစ္စည်းဆိုင်ရာမူပိုင်ခွင့်နှင့် စပ်လျဉ်း၍ မည်သူ့ကိုမဆို မိမိခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ အသုံးပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်လျှင် တရားစွဲဆိုပိုင်ခွင့်၊

(ဇ) အဖွဲ့ပိုင် စက်ပစ္စည်းနှင့် စက်ကိရိယာများ၊ မြေ၊ အဆောက်အအုံနှင့် ရေယာဉ်များ၊ အခြားပိုင်ဆိုင်ခွင့်များကို သက်ဆိုင်ရာလုပ်ငန်းများအတွက် ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များကို ငှားရမ်းခွင့်၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပိုင်ခွင့်၊

(ဈ) ငှားရမ်းခ၊ အခနှုန်းထားများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြန်အမ်းခြင်းနှင့် လျှော့ပေါ့ခြင်း၊ အရကောက်ခံခြင်း ဆောင်ရွက်ပိုင်ခွင့်၊

(ည) အဖွဲ့ပိုင်ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုတော့သည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလို ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့်၊

(ဋ) ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ပို့ဆောင်ရေးဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ သို့မဟုတ် ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူများအဖြစ် လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်နှင့် သုတေသနပြုပိုင်ခွင့်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈(ဂ)(င)(စ)(ဇ) (ဈ)(ည)(ဋ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈(ဂ)(င)(စ)(ဇ)(ဈ)(ည)(ဋ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၉

၉။ ဝန်ကြီးဌာနသည် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ဦးရေ အများဆုံး ၉ ဦးအထိ ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ဝန်ကြီးဌာနက ခန့်အပ်တာဝန်ပေးအပ်သူ | ဥက္ကဋ္ဌ |
| (ခ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ဂ) | ရေကြောင်းသွားလာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တစ်ဦး | အဖွဲ့ဝင် |

(ဃ) ရေယာဉ်တည်ဆောက်ရေး ဆိုင်ရာကျွမ်းကျင်ပညာရှင်တစ်ဦး — အဖွဲ့ဝင်

( င ) စီးပွားရေးလုပ်ငန်းကျွမ်းကျင် ပညာရှင်တစ်ဦး — အဖွဲ့ဝင်

( စ ) ဝန်ကြီးဌာနက ရွေးချယ် တာဝန်ပေးသည့် ကိုယ်စားလှယ်များ — အဖွဲ့ဝင်

(ဆ) ဥက္ကဋ္ဌက တာဝန်ပေးအပ်သော အဖွဲ့ဝင်တစ်ဦး — အတွင်းရေးမှူး

ဟု ပြင်ဆင်ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၀၊ အပိုဒ် ၁၁(က)(ခ)(ဃ) ၊ အပိုဒ် ၁၂(က)(ခ)(ဃ)(င)၊ အပိုဒ် ၁၃(က)

၁၀။ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်း ကိစ္စများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ (က) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ခန့်ထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးသည် ယင်းအား မခန့်ထားမီကာလက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်လုပ်ငန်း တာဝန်ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့်များနှင့် ကင်းရှင်းသူဖြစ်ရမည်။

(ခ) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင် တစ်ဦးဦးသည် စီမံခန့်ခွဲရေး အဖွဲ့က ပြုလုပ်သည့် သို့မဟုတ် ပြုလုပ်ရန် ကြံရွယ်သည့် ပဋိညာဉ်တွင် သော်လည်းကောင်း ရောင်းမှု၊ ဝယ်ယူမှု သို့မဟုတ် ငှားရမ်းမှု တစ်ခုခုတွင် သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် အကျိုးသက်ဆိုင်နေပါက မိမိမည်သို့ အကျိုးသက်ဆိုင်ကြောင်းကို အဖွဲ့၏ အစည်းအဝေးတွင် ထုတ်ဖော်ပြောဆိုရမည်။

(ဃ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့် ရှိ မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည် ဖြစ်သည်။

၁၂။ (က) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် စတင် တာဝန်ထမ်းဆောင်သည့် နေ့ရက်မှ ငါးနှစ်ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ ဝန်ကြီးဌာနက အသစ်ဖွဲ့စည်း တာဝန်ပေး အပ်ပြီးသည့် အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်း တာဝန် များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဃ) အကြောင်းတစ်ရပ်ရပ်ကြောင့် ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်ရာထူးနေရာ လစ်လပ် သည့်အတွက် အစားထိုးခန့်ထားပါက ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူး သက်တမ်း သည် မူလရာထူး၏ ကျန်ရှိသည့်သက်တမ်း ကုန်ဆုံးသည် အထိသာဖြစ်ရမည်။

(င) ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အဖြစ် ကြားဖြတ် တာဝန်ယူရသည့် ကာလကို ရာထူး သက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

၁၃။ (က) ဝန်ကြီးဌာနသည် အကြောင်းတစ်ခုခုကြောင့် အဖွဲ့ဝင် ရာထူးနေရာ လစ်လပ်လျှင် လစ်လပ်သည့်နေ့ရက်မှ ရက်ပေါင်း(၃၀)အတွင်း အဖွဲ့ဝင်သစ်ကို သတ်မှတ်ချက် များနှင့်အညီ ဖြည့်စွက်ခန့်ထားရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၀၊ အပိုဒ်၁၁(က) (ခ)(ဃ)၊ အပိုဒ် ၁၂(က) (ခ)(ဃ)(င)၊ အပိုဒ် ၁၃(က)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၀၊ အပိုဒ်၁၁(က) (ခ)(ဃ)၊ အပိုဒ် ၁၂(က)(ခ)(ဃ)(င)၊ အပိုဒ် ၁၃(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၁၆(က)(ဂ)(င)၊ အပိုဒ် ၁၇(က)(ခ)(ဂ)(ဃ)(င)(စ)

၁၆။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) အဖွဲ့ပိုင်ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို လေလွင့်၊ ဆုံးရှုံး၊ ပျက်စီး၊ ပျောက်ဆုံးမှုမရှိစေရန် ကြီးကြပ်ထိန်းသိမ်းခြင်း၊

( ဂ ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များ ရရှိစေခြင်း၊

( င ) အဖွဲ့လုပ်ငန်းအသီးသီး၏ တာဝန်ခံဝန်ထမ်းများက ယင်းတို့တာဝန်ယူသည့် လုပ်ငန်း၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံစေရန် စီမံကြီးကြပ်ခြင်း။

၁၇။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အဖွဲ့သည် ဤဥပဒေအရ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက် ရယူ၍ ပြည်တွင်း၊ ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်းနှင့် အထောက်အပံ့များ ရယူခြင်း၊

( ခ ) ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်ထားရှိသော အဖွဲ့၏ ရန်ပုံငွေကို စီမံခန့်ခွဲခြင်း၊

( ဂ ) လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဃ) လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်နိုင်ခြင်း၊ ချီးမြှင့်ငွေနှင့် စရိတ်များကို သတ်မှတ်ပေးခြင်း၊

( င ) တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဝန်ထမ်းများကို ခန့်ထားခြင်း၊ တာဝန်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် အငြိမ်းစားပေးခြင်း၊

( စ ) စီမံခန့်ခွဲရေးအဖွဲ့သည် အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိက အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူ စာချုပ်များ ချုပ်ဆိုခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆(က)(ဂ)(င)၊ အပိုဒ် ၁၇(က)(ခ)(ဂ)(ဃ)(င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆(က)(ဂ)(င)၊ အပိုဒ် ၁၇(က)(ခ)(ဂ)(ဃ)(င)(စ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(က)(ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆(ဃ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂

၁၈။ အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ပေးသွင်းရမည်။

၁၉။ အဖွဲ့မှ လွှဲပြောင်းရယူမည့် နိုင်ငံတော်ပိုင် ပုံသေပိုင် ပစ္စည်းများကို နှစ်ဖက်ညှိနှိုင်း သတ်မှတ်ထားသောတန်ဖိုးဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ တန်ဖိုးတွက်ချက် သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြထားရမည်။

၂၀။ အထက်အပိုဒ်ပါ လွှဲပြောင်းပေးခဲ့သော အရပ်ရပ်တန်ဖိုးများကို အဖွဲ့တွင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် သတ်မှတ်ရမည်။ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအပေါ် ကျသင့် အမြတ်ဝေစုကို နိုင်ငံတော်သို့ ခွဲဝေပေးရမည်။

၂၁။ အဖွဲ့သည် ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း အရအသုံးငွေများကို ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းတွင် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားဖော်ပြ၍ ထည့်သွင်း ရေးဆွဲရမည်။

၂၂။ အဖွဲ့သည် သင့်လျော်သောဘဏ်တွင် ကျပ်ငွေနှင့် နိုင်ငံခြားငွေစာရင်းများကို သီးခြားစာရင်း ဖွင့်လှစ်ထား၍ သုံးစွဲ ပိုင်ခွင့် ရှိသည်။

၂၃။ အဖွဲ့၏ ရန်ပုံငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်ထားသည့် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၂၄။ (က) အဖွဲ့သည် လွှဲပြောင်းတာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသောဝန်ထမ်းများကိုပို့ဆောင်ရေး ဝန်ကြီးဌာန လက်အောက်ရှိ သင့်လျော်သည့် ဌာန၊ အဖွဲ့အစည်းတစ်ခုခုသို့ လွှဲပြောင်းပေးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

(ခ) ဤဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများ အတွက် ယင်းတို့ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှု ဆိုင်ရာကိစ္စရပ်များကို ယင်းတို့ စတင်ပြောင်းရွှေ့

သည့်နေ့ရက်မှစ၍ အချိန်ကာလ တွက်ချက်ပြီး ခံစားခွင့်ပြုရမည်ဟု ဖြည့်စွက်ထားပါတယ်။

( ဂ ) ဝန်ထမ်းများအတွက် ပင်စင် ရန်ပုံငွေကို သီးခြားထား ရှိရမည်။

၂၅။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာ ကိစ္စရပ်များကို ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ခွင့်ပြုပေးရမည်။

၂၆။ အဖွဲ့သည် စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါရန်ပုံငွေများကို ထားရှိရမည်-

(ဃ) တန်ဖိုးလျော့မှုရန်ပုံငွေ၊

၂၇။ အဖွဲ့သည် သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့် သက်သာခွင့် ရရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တည်ဆဲဥပဒေများနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ အဖွဲ့သည် အောက်ပါ စာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည် -

(က) ဝန်ထမ်းအင်အားစာရင်း၊

( ခ ) ငွေသားအခြေအနေ၊

( ဂ ) ကုန်ပစ္စည်း ထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့်စာရင်း၊

(ဃ) အရှုံး၊ အမြတ်စာရင်း၊

( င ) လက်ကျန်ရှင်းတမ်း။

၂၉။ အဖွဲ့သည် ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့ အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန် အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

၃၀။ အဖွဲ့တွင် ထိရောက်သည့် စစ်ဆေးကြပ်မတ်မှု ရှိစေရန် ဌာနတွင်းစာရင်းစစ်အဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၁။ အဖွဲ့သည် လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့၏ စစ်ဆေးမှု ခံယူရမည်။

၃၂။ ဤဥပဒေအာဏာမတည်မီက ရရန် သို့မဟုတ် ပေးရန်ရှိသည့် ငွေကြေးများနှင့် စပ်လျဉ်း၍ အဖွဲ့နှင့် အစိုးရ အဖွဲ့တို့ ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(က) (ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆(ဃ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ ပြင်ဆင် ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄(က) (ခ)(ဂ)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆(ဃ)၊ အပိုဒ် ၂၇၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃၃

အခန်း(၈)

ဆုကြေးငွေချီးမြှင့်ခြင်း

၃၃။ အဖွဲ့သည် မိမိ၏စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက်ပိုမို ကောင်းမွန်သော အချိုးအတိုင်းသော်လည်းကောင်း ဆုကြေးငွေချီးမြှင့်ပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃၆

အခန်း(၉)

တားမြစ်ချက်များ

၃၆။ မည်သူမျှ -

(က) သဘော်ခပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကို သုံးစွဲ၍ဖြစ်စေ၊ သဘော်ခ ကြိုတင်ပေးဆောင်ခြင်း မပြုဘဲဖြစ်စေ၊ အဖွဲ့ပိုင် သဘော်တွင် စီးနင်းလိုက် ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း မပြုရ၊

( ခ ) အဖွဲ့ပိုင်သဘော်တွင် ခရီးတစ်ခုအတွက် လက်မှတ် ဝယ်ယူစီးနင်း လိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် နောက်ထပ်သဘော်ခ ကြိုတင်ပေးဆောင်ခြင်းမပြုဘဲ တမင်ဆက်လက် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်း မပြုရ၊

( ဂ ) အဖွဲ့ပိုင် သဘော်တွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်း လိုက်ပါပြီးနောက် အဆိုပါခရီးသို့ ရောက်ရှိကြောင်းသိလျက်နှင့် သဘော်မှထွက်ခွာရန် တမင် ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်းမပြုရ၊

(ဃ) မိမိနှင့်အတူ ယူဆောင်လာသော ပစ္စည်းများအတွက် တန်ဆာခ ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် ကျသင့်သော တန်ဆာခကို လုံးဝ ပေးဆောင်ခြင်း မပြုဘဲ သို့မဟုတ် ကျသင့်သော တန်ဆာခကို အပြည့်ပေးဆောင်ခြင်းမပြုဘဲ အဖွဲ့ပိုင်သဘော်တွင် မိမိနှင့်အတူ ပစ္စည်းများ သယ်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း မပြုရ၊

( င ) အမှန်တကယ်ကျသင့်သော သဘော်ခကိုပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် အဖွဲ့ပိုင်သဘော်တွင် သဘော်နေရာ အဆင့်အတန်းတစ်ခုအတွက် သဘော်ခပေးဆောင်လျက် ထိုနေရာအဆင့်အတန်းထက်မြင့်သော သီးသန့်နေရာတွင် သို့မဟုတ် အခန်းတွင် စီးနင်းလိုက်ပါခြင်း မပြုရ၊

( စ ) အဖွဲ့ပိုင်သဘော်တွင် စီးနင်းလိုက်ပါလျက် သဘော်လက်မှတ်မဝယ်ယူခြင်း သို့မဟုတ် သဘော်၏ အရာထမ်း၊ အမှုထမ်းများက သဘော်လက်မှတ် ထုတ်ပြရန် တောင်းဆိုသည့်အခါ သဘော်လက်မှတ် ထုတ်ပြရန် ပျက်ကွက်ခြင်း မပြုရ၊

(ဆ) အဖွဲ့ပိုင်သင်္ဘောတွင် စီးနင်းလိုက်ပါသောသူတစ်ဦးအတွက် ကျသင့်သော သင်္ဘောခကို ပေးဆောင်ခြင်းမှလွတ်ကင်းစေရန် ရည်ရွယ်ချက်ဖြင့် လက်မှတ်စစ်ကို လိမ်လည်ပြသနိုင်စေခြင်းအလို့ငှာ မိမိ၏ လက်မှတ်ကို ထိုသူအား လွှဲပြောင်းပေးခြင်း မပြုရ၊

( ဇ ) ကုန်တင်ခပေးဆောင်ခြင်းမှ လုံးဝလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ကုန်တင်ခအပြည့်ပေးဆောင်ခြင်းမှ လွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့်ဖြစ်စေ အဖွဲ့ပိုင် သင်္ဘောပေါ်တွင် တရားမဝင်သောနည်းလမ်းဖြင့် ကုန်ပစ္စည်းများတင်ဆောင်ခြင်း သို့မဟုတ် တင်ဆောင်ရန် အားထုတ်ခြင်း မပြုရ၊

( ဈ ) အဖွဲ့ပိုင်သင်္ဘောတွင် အသုံးပြုသော ခရီးသည် လက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကို ဖြစ်စေ၊ အခြားသော လက်မှတ်ကို သို့မဟုတ် ပုံစံများကိုဖြစ်စေ၊ အတုပြုလုပ်ခြင်း သို့မဟုတ် အတုပြုလုပ်ရန် အားထုတ်ခြင်း သို့မဟုတ် အဆိုပါလက်မှတ်အတုများကို ဖြစ်စေ၊ ပုံစံများကို ဖြစ်စေ ထိန်းသိမ်းထားခြင်း သို့မဟုတ် ရောင်းဝယ် ခြင်း မပြုရ၊

(ည) အဖွဲ့ပိုင်သင်္ဘောပေါ်တွင် ခရီးသည်အတွက်နေရာကို တစ်နည်းနည်းဖြင့် ရယူလျက် ထိုနေရာကို အဖိုးအခဖြင့် ရောင်းရန် အားထုတ်ခြင်း၊ သို့မဟုတ် လူစီးလက်မှတ်ကို အကျိုးအမြတ်ရယူ၍ တစ်ဆင့် ပြန်လည် ရောင်းချခြင်း မပြုရ၊

( ဋ ) အဖွဲ့ပိုင်သင်္ဘောပေါ်ရှိ ရေယာဉ်သုံးပစ္စည်းကို ဖြစ်စေ၊ ရေယာဉ် အစိတ်အပိုင်းကို ဖြစ်စေ ပျက်စီးစေခြင်း၊ မရိုးမဖြောင့်သောသဘောဖြင့်ရယူခြင်း သို့မဟုတ် အားထုတ်ခြင်း မပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အပိုဒ် ၃၇

အခန်း (၁၀)

ပြစ်ဒဏ်များ

၃၇။ (က) ပုဒ်မ ၃၆ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)၊(ဃ)၊(င)၊(စ)၊(ဆ)၊(ဇ)နှင့် (ည) တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်း ထိ ငွေဒဏ်ချမှတ်ရမည်။

(ခ) ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ဈ)ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးလထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် ငါးသောင်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံး ဖြစ်စေ ချမှတ်ရမည်။

(ဂ) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဈ)ပါ တားမြစ်ချက်များကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အပိုဒ် ၃၈၊ အပိုဒ် ၃၉၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁

၃၈။ အဖွဲ့ပိုင် ရေယာဉ်ကို တပ်မတော်က ငှားရမ်း အသုံးပြုရာတွင် ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က) အရ တန်းပြည့် စစ်မှုထမ်းချိန် ဟူ၍ သတ်မှတ်ထားသည့် ကာလ အတွင်း အသုံးပြုသည့် ရေယာဉ်များ ပျက်စီးခြင်း၊ နစ်မြုပ်ခြင်းသည် သဘာဝဘေးအန္တရာယ်ကြောင့်

ဖြစ်ပေါ်ခြင်းမှ အပ စတင်ရယူ အသုံးပြုစဉ်က အခြေအနေအတိုင်း ပြန်လည် အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည်ဟု ပြင်ဆင်ထားပါတယ်။

၃၉။ ဤဥပဒေပုဒ်မ ၃၆၊ ပုဒ်မခွဲ( ၄) အရ ကျူးလွန်သော ပြစ်မှုကို ရဲအရေးပိုင်သော ပြစ်မှုအဖြစ် သတ်မှတ်ရမည် ဟု ဖြည့်စွက် ထားပါတယ်။

၄၀။ စီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့် အဖွဲ့၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေအရ ပေးအပ်သော တာဝန်ကို ထမ်းဆောင်ချိန်တွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည်။

၄၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည် ဖော်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ ) ဝန်ကြီးဌာနနှင့် အဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၇ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက်-

ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃(င)၊ အပိုဒ် ၁၈(ဃ) (င)၊ အပိုဒ် ၁၉(က)၊ အပိုဒ် ၂၅၊ အပိုဒ် ၂၆(က)(ခ)(င)၊ အပိုဒ် ၃၆ တို့ကို ဥပဒေကြမ်းကော်မတီက ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က ပယ်ဖျက်ထားသည့် အပိုဒ် ၄(ခ)၊ အပိုဒ် ၉၊ အပိုဒ် ၁၁၊ အပိုဒ် ၁၇(ဃ)(င)(စ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၉၊ အပိုဒ် ၃၇၊ အပိုဒ် ၄၀၊ အပိုဒ် ၄၁ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု ထားသည့်-

ဥပဒေကြမ်းခေါင်းစဉ်၊

အခန်း(၁)၊ အပိုဒ် ၂(က)(ခ)(ဃ)၊

အခန်း(၃)၊ အပိုဒ် ၅(က)(ခ)(ဂ)၊

အခန်း(၄)၊ အခန်းခေါင်းစဉ် နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အပိုဒ် ၇(ဃ)(င)(ဆ)၊ အပိုဒ် ၈(က)(ခ)(ဃ)(ဆ)(ဌ)

အခန်း(၅)၊ အပိုဒ် ၁၁(ဂ)၊အပိုဒ် ၁၂(ဂ)၊ အပိုဒ် ၁၃(ခ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊

အခန်း(၆)၊ အပိုဒ် ၁၆(ခ)၊

အခန်း(၇) အပိုဒ် ၂၆(က)(ခ)(ဂ)(င)(စ)၊

အခန်း(၈)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊

အခန်း(၁၀)၊ အပိုဒ် ၄၂ တို့ကို ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ အတည်ပြုချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၉)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၂၀) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို ၁၁း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]